ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၂၇ /၂၀၂၂ )

| | | |
|---|---|---|
| ဦးငွေဝင်း( ယာဉ်မောင်း ) အလုပ်သမား<br>ဥက္ကလာ (၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။<br>၀၉ - ၂၅၂ ၃၉၇ ၅၄၆ | } | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| ဦးပြည့်ဝထွန်း ( အလုပ်ရှင် )<br>Parami Energy Group of Services<br>( Gas ဖြန့်ဖြူးရေးလုပ်ငန်း )<br>ဒေါ်ခင်သန္တာမိုး ( Admin )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ် (၁၅-၁၇)၊ ဆာကူရာတာဝါ၊ ဆူးလေဘုရားလမ်း၊<br>ကျောက်တံတားမြို့နယ်။<br>၀၉ - ၇၆၅ ၄၂၄ ၅၈၆ | } | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခု နှစ်၊ ဇွန် လ ၁၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ ဆာကူရာတာဝါ၊ အမှတ် (၁၅-၁၇)ရှိ Parami Energy Group of Services ၊ ဦးပြည့်ဝထွန်း(အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်သန္တာမိုး( Admin )နှင့် အလုပ်သမား ဦးငွေဝင်း တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ကျောက်တံတားမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ ဆာကူရာတာဝါ၊ အမှတ်(၁၅-၀၇)ရှိ အလုပ်ရှင် ဦးပြည့်ဝထွန်း ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော Parami Energy Group of Services ( Gas ဖြန့်ဖြူးရေးလုပ်ငန်း )သည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစ၍ ဝန်ထမ်းများအား Work From Home ဖြင့် လုပ်ကိုင်နိုင်း၍ လုပ်ငန်းယာယီရပ်နားစဉ်တွင် ကုမ္ပဏီ ယာဉ်မောင်း ဦးဒွေးဝင်းသည် ကုမ္ပဏီသို့ ဆက်သွယ်မှု မရှိခြင်းနှင့် ထောက်ပံ့ကြေးပေးမည့်အချိန်မှ ဖုန်းဖြင့်ဆက်သွယ်မှုပြုလုပ်သော မလျော်ကန်သောအပြုအမူများကြောင့် ကုမ္ပဏီမှ တာဝန်မှရပ်စဲခဲ့မှုအပေါ် ယာဉ်မောင်း ဦးဒွေးဝင်းက အလုပ်ရပ်စဲမှု နစ်နာကြေးရလိုကြောင်း ကျောက်တံတားမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက် ။** ယာဉ်မောင်း ဦးဒွေးဝင်း တောင်းဆိုခဲ့သော ကျပ် ၇၀၀,၀၀၀/- ပေးရန် သင့် / မသင့်။

**တွေ့ရှိချက်**

၄။ အလုပ်သမား ယာဉ်မောင်း ဦးဒွေးဝင်းက ထွက်ဆိုရာတွင် မိမိသည် Parami Energy Group of Services ( Gas ဖြန့်ဖြူးရေးလုပ်ငန်း )တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ယာဉ်မောင်းရာထူးဖြင့် လစာငွေ ကျပ် ၂၆၀,၀၀၀/- ရရှိခဲ့ပါကြောင်း၊ အလုပ်ရှင်၏ကားကို မောင်းရသောယာဉ်မောင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစ၍ ကုမ္ပဏီသည် အလုပ်ယာယီရပ်နားခဲ့ပါကြောင်း၊ ယာယီရပ်နားစဉ် ထောက်ပံ့ကြေးငွေအဖြစ် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ကျပ် ၁၀၀,၀၀၀/- ရရှိပြီး ကျန်လများဖြစ်သော ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအထိ တစ်လလျှင် ကျပ် ၅၀,၀၀၀/- ရရှိခဲ့ပါကြောင်း၊ အလုပ်ရပ်နားမှုအချိန်ကြာပြီး ထောက်ပံ့ကြေး ဆက်လက်မရရှိသည့်အတွက် ကုမ္ပဏီသို့ အလုပ်ပြန်လုပ်ရန် အကြောင်းကြားစဉ် ကုမ္ပဏီ၏ ဥပဒေအကြံပေးရှေ့နေ ဦးဝင်းမြင့်က အလုပ်ရပ်စဲကြောင်း ပြောကြားခဲ့ပါကြောင်း၊ ၁၄-၃-၂၀၂၂ ရက်နေ့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အနည်းဆုံးအခကြေးငွေနှင့်ပတ်သက်၍ ညှိနှိုင်းစဉ် ယခင် ထောက်ပံ့ကြေးမရရှိခဲ့သော ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလတို့အတွက် တစ်လလျှင် ကျပ် ၅၀,၀၀၀/- ရရှိခဲ့ပါကြောင်း၊ အလုပ်ရပ်စဲခဲ့ခြင်း အတွက် ဥပဒေပါခံစားခွင့်များရရှိရန် ၂၅-၄-၂၀၂၂ ရက်နေ့တွင် ကျောက်တံတားမြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ထံသို့ တိုင်ကြားခဲ့ပြီးငွေ ကျပ် ၇၀၀,၀၀၀/- ကိုသာ ပေးပါရန် တောင်းဆိုခဲ့ပါ

ကြောင်းနှင့် တောင်းဆိုမှုအပေါ် အလုပ်ရှင်မှ လက်ခံခဲ့ပြီး အဆိုပါတောင်းဆိုငွေ ကျပ် ၇၀၀,၀၀၀/- အား (၂)ကြိမ်ခွဲပေးမည်ဖြစ်ပါကြောင်း ပြောဆိုမှုအပေါ် လက်မခံခဲ့ပါကြောင်း၊ တစ်ခါတည်းပေးမှ လက်ခံမည်ဖြစ်၍ ပြေလည်မှု မရရှိခဲ့ပါကြောင်းနှင့် ကျပ် ၇၀၀,၀၀၀/- ကိုသာ တစ်လုံးတည်းရရှိလိုပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

၅။ အလုပ်ရှင်၏ကိုယ်စား ဒေါ်ခင်သန္တာမိုး( Admin )မှ ထွက်ဆိုတင်ပြရာတွင် Parami Energy Group of Services ( Gas ဖြန့်ဖြူးရေးလုပ်ငန်း )ကို ၁၆-၁၀-၂၀၀၉ ရက်နေ့မှစတင်၍ ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး အလုပ်သမား ကျား (၂၀)ဦးဖြင့် လုပ်ကိုင်ခဲ့ပါကြောင်း၊ ယခုအလုပ်သမား (၈)ဦးသာရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစ၍ လုပ်ငန်း ယာယီရပ်ဆိုင်းခဲ့ပြီး အလုပ်သမားများအား Work From Home ဖြင့် လုပ်ကိုင်စေခဲ့ပါကြောင်း၊ ယာဉ်မောင်း ဦးဌေးဝင်းအား အလုပ်ရှင်၏ကားမောင်းခြင်းကို ရပ်နားပေးခဲ့ပြီး Work From Home ဖြင့် နေထိုင်စေခဲ့ပါကြောင်း၊ အလုပ်ယာယီရပ်နားနေစဉ်တွင် ယာဉ်မောင်း ဦးဌေးဝင်း အား ထောက်ပံ့ကြေးငွေအဖြစ် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ကျပ် ၁၀၀,၀၀၀/- ပေးခဲ့ပြီး စက်တင်ဘာလမှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တစ်လလျှင် ကျပ် ၅၀,၀၀၀/- ပေးခဲ့ပါ ကြောင်း၊ ဦးဌေးဝင်းသည် အလုပ်ယာယီရပ်နားနေစဉ်အတွင်း ကုမ္ပဏီသို့ ဆက်သွယ်မှုမရှိခြင်း၊ သတင်းပေးပို့မှု မရှိခြင်းနှင့် ထောက်ပံ့ကြေးပေးမည့်အချိန်မှသာ တယ်လီဖုန်းဖြင့် ဆက်သွယ်မှု ပြုလုပ်ခဲ့သဖြင့် မလျော်ကန်သော အပြုအမူများကြောင့် ကုမ္ပဏီမှ အလုပ်ရပ်စဲခဲ့ပါကြောင်း၊ ယာဉ်မောင်း ဦးဌေးဝင်းသည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဝင်ရောက်ခြင်းမှာ မှန်ကန် သော်လည်း ၁၀-၁၀-၂၀၁၅ ရက်နေ့အထိသာ လစာငွေထုတ်ယူပြီး အလုပ်လုပ်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအထိသာ လစာထုတ်ယူခဲ့ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ လနှင့် ဒီဇင်ဘာလတို့တွင် လစာထုတ်ယူထားခြင်း မရှိခြင်းကြောင့် (၂)လကင်းကွာပြီးမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ တွင် ထုတ်ယူခြင်းဖြစ်ခြင်းကြောင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ အလုပ်ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းစဉ် ယာဉ်မောင်း ဦးဌေးဝင်းအား ၎င်းမောင်းနေသော အလုပ်ရှင်၏ကားကို မမောင်းရသော်လည်း ကုမ္ပဏီ၏ပစ္စည်းများ ပေးပို့ရသည့်ကားကိုမောင်းရန်၊ မူလရာထူး၊ မူလလစာဖြင့် ကမ်းလှမ်းခဲ့ သော်လည်း လက်မခံခဲ့ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းမှုအရ အလုပ်သမားဆန္ဒအရ တောင်းဆိုသောငွေ ကျပ် ၇၀၀,၀၀၀/- အား အလုပ်ရှင်မှ ငွေရေးကြေးရေးခက်ခဲမှုကြောင့် (၂)ကြိမ်ခွဲပေးမည်ကို အလုပ်သမားမှ လက်မခံခဲ့ပါကြောင်းနှင့် အလုပ်သမားဆန္ဒအရ တောင်းဆို သောငွေ ကျပ် ၇၀၀,၀၀၀/- အားလည်း (၂)ကြိမ်သာ ခွဲပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြ ထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၆။ အလုပ်သမား ယာဉ်မောင်း ဦးဌေးဝင်းသည် Parami Energy Group of Services ( Gas ဖြန့်ဖြူးရေးလုပ်ငန်း )တွင် ၂၀၁၃ ခုနှစ်မှ စတင်ဝင်ရောက်ခဲ့၍ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအထိ လစာထုတ်ယူမှုရှိခဲ့ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် လစာထုတ်ယူထားခြင်းမရှိဘဲ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ပြန်လည်ထုတ်ယူထားခဲ့ခြင်းကြောင့် (၂)လကင်းကွာပြီးဖြစ်ပေါ်နေသည့်အတွက် ၎င်းအလုပ်ဝင်မှုသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ လစာငွေကျပ် ၂၆၀,၀၀၀/- ရရှိခဲ့သည်မှာ မှန်ကန်ကြောင်း သုံးသပ်ရပါသည်။

၇။ ယာဉ်မောင်း ဦးဌေးဝင်းသည် ကုမ္ပဏီတွင် အလုပ်လုပ်စဉ်ကာလအတွင်း ပြစ်မှုကြီးများဖြင့် အပြစ်ပေး၊ အရေးယူမှု မရှိခဲ့ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်ငန်းယာယီရပ်နားစဉ်အတွင်း ကုမ္ပဏီကို ဆက်သွယ်မှု၊ သတင်းပေးပို့မှု မပြုခြင်းနှင့် ထောက်ပံ့ကြေးပေးမည့်အချိန်မှ ဖုန်းဖြင့်ဆက်သွယ်မှုပြုခြင်းမှာလည်း ကုမ္ပဏီအနေဖြင့် အလုပ်ထုတ်ပယ်လောက်သည့် ပြစ်မှုမဟုတ်ကြောင်း သုံးသပ်ရပါသည်။ သို့ရာတွင် အလုပ်သမားအနေဖြင့် အလုပ်ပြန်လည်ဝင်ရောက်လိုခြင်း မရှိသည့်အပြင် အလုပ်ရှင်ကလည်း အလုပ်ဆက်လက်ခန့်ထားရန် မဖြစ်နိုင်တော့သဖြင့် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန်မသင့်ဟု သုံးသပ်ရပါသည်။

၈။ အလုပ်ရှင်မှ ယာဉ်မောင်း ဦးဌေးဝင်းအား အလုပ်ရပ်စဲခဲ့ခြင်းအပေါ် ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှု နစ်နာကြေးရသင့်သော်လည်း အလုပ်သမားမှ အလုပ်ရှင်၏ ငွေရေးကြေးရေး ခက်ခဲမှုအပေါ် ရှေးရှု၍ အလုပ်သမား၏ဆန္ဒအရ တောင်းဆိုခဲ့သောငွေ ကျပ် ၇၀၀,၀၀၀/- အား တစ်လုံးတည်းပေးရန် သုံးသပ်ရရှိသဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ ယာဉ်မောင်း ဦးဌေးဝင်း တောင်းဆိုခဲ့သော ငွေ ကျပ် ၇၀၀,၀၀၀/- အား တစ်လုံးတည်းထုတ်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၉။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ခင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဝေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်